22110043

International Baccalaureate®
Baccalauréat International
Bachillerato Internacional

**BURMESE A1 – STANDARD LEVEL – PAPER 1**
**BIRMAN A1 – NIVEAU MOYEN – ÉPREUVE 1**
**BIRMANO A1 – NIVEL MEDIO – PRUEBA 1**

Wednesday 11 May 2011 (morning)
Mercredi 11 mai 2011 (matin)
Miércoles 11 de mayo de 2011 (mañana)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

---

INSTRUCTIONS TO CANDIDATES

- Do not open this examination paper until instructed to do so.
- Write a commentary on one passage only. It is not compulsory for you to respond directly to the guiding questions provided. However, you may use them if you wish.

INSTRUCTIONS DESTINÉES AUX CANDIDATS

- N'ouvrez pas cette épreuve avant d'y être autorisé(e).
- Rédigez un commentaire sur un seul des passages. Le commentaire ne doit pas nécessairement répondre aux questions d'orientation fournies. Vous pouvez toutefois les utiliser si vous le désirez.

INSTRUCCIONES PARA LOS ALUMNOS

- No abra esta prueba hasta que se lo autoricen.
- Escriba un comentario sobre un solo fragmento. No es obligatorio responder directamente a las preguntas que se ofrecen a modo de guía. Sin embargo, puede usarlas si lo desea.





© International Baccalaureate Organization 2011

https://xtremepape.rs/

*အောက်ပါတို့အနက်မှ **တစ်ခု**ကို ဝေဖန်ပါ။*

၁။

လူနှစ်ယောက်ဟာ တစ်ဖက်နဲ့တစ်ဖက် ငြိနေလိုက်ကြတာ။ ဘေးကကြည့်တဲ့လူတွေဆို ငြိမ်လို့။ လူ ၂၀ လောက်တော့ ရှိမှာပေါ့။ သေချာတော့မရေမိဘူး။

"ဒါဖြင့်ဒီလိုလုပ်၊ ဒီထဲမှာခင်ဗျားယုံရတဲ့လူတွေလည်းပါမှာပေါ့။ သူတို့ကိုဒိုင်လုပ်ခိုင်းလေ။ သူတို့တူတယ်ဆိုရင် တူတယ်ပေါ့။"

ခွေးစိန်ကလည်း အပွဲပွဲနွှဲလာတဲ့ပုံပါပဲ။ ဆယ့်နှစ်ပွဲသမားဆိုတော့ အကင်းလည်းပါးတယ်။ သိန်းရှံကလည်း ရှစ်စပ်က လည်တဲ့ကောင်။ သူ့ကြောလို့ကတော့ မောသွားမယ်ဆိုတာ ကျုပ်နဲ့အတူတူဝိုင်းကြည့်နေတဲ့လူတွေအတော်များများက သိကြတယ်။ သိန်းရှံကလည်း လူအုပ်ထဲ မျက်လုံးဝေ့ကြည့်ပြီး ဒိုင်ရှာတယ်။ သိန်းရှံဟာရှာရင်းနဲ့ကျုပ်ကိုလည်းတွေ့ရော တခြားလူမကြည့်တော့ဘူး။ "ကိုကြီးရွှေစီ လုပ်ဗျာ၊ ခင်ဗျားကြည့်ပေးထား။ ခင်ဗျားက ဒိုင်ပေါ့"လို့ပြောပြီး သူ့ခါးမှာဝတ်ထားတဲ့ ရှပ်အင်္ကျီချွတ်လုံးပြီး ကျုပ်ဆီပစ်ပေးလိုက်တယ်။ ကျုပ်မယ်ပျာယီပျာယာ ဖမ်းလိုက်ရတယ်။ ခွေးစိန်ကလည်း ကျုပ်လှမ်းကြည့် တယ်။ ကျုပ်လည်းမြင်ရော မျက်နှာချင်းက သိပ်မစိမ်းတဲ့လူတွေမို့လား။ ပြုံးပြတယ်။ ပြီး ခွေးခြေခုံတစ်ခု ကျုပ်ဆီ လှမ်းပေး လိုက်တယ်။ ပရိသတ်ကလည်း ဒိုင်လုပ်မယ့်ကျုပ်ဆီ အာရုံရောက်လာတော့ ကျုပ်လည်းစိတ်ကြီးတောင် ဝင်သွားမိတယ်။ တကယ်ဇာတ်ခုံပေါ်ကနေတဲ့ မင်းသားကျောက်ခဲစိန်ထက်တောင် ကျုပ်ကသာတယ်လို့ ထင်တော့တာ။ သိန်းရှံက ခွေးစိန်ကို ကျောပေးပြီး ခွေးခြေတစ်ခုပေါ်မှာ ထိုင်လိုက်တယ်။ ကျုပ်ကလည်း ခွေးခြေတစ်ခုနဲ့ သိန်းရှံနောက်က ခွေးစိန်နဲ့ ရင်ပေါင်တန်း ထိုင်တယ်။ ဒိုင်ကြီးပေါ့လေ။ ကျုပ်ဖြင့်ပွဲလည်းသတိမရ၊ ဆိုင်လည်းမေ့။

"ကိုရွှေစီတဲ့လား၊ ဥပဓိရုပ်ကြည့်ရတာ သမာသမတ်ရှိမယ့်ပုံပါပဲ။ ကျုပ်လည်း ဒါန်းပင်ရိုးသား၊ သိမှာပေါ့နော်။ ဦးကံရသားပါ။ ရွာကထွက်သွားတာ ဆယ်နှစ်လောက်ရှိပြီပေါ့ဗျာ။ ကိုကြီးရွှေစီက ဒိုင်ပဲ၊ တူမှတူတယ်ပြောနော်။ ကျုပ်ကိုအားမနာနဲ့ ဟုတ်ပြီလား။"

ခွေးစိန်က မှင်နဲ့မောင်းနဲ့ ကျုပ်ကိုပြောပြီး ကျုပ်လက်ထဲတခုခုထည့်လိုက်တယ်။ မျက်စိပေမွေးလေးထဲမှာ အရိပ်အယောင် တစ်ခုကိုလည်း တွေ့လိုက်ရသဗျ။ မှိတ်ပြလိုက်သလိုလို ဘာလိုလိုရယ်။ ဝိုင်းထဲက ဘယ်သူမှ မမြင်လိုက်ဘူး။ လျင်လိုက်ပုံနှယ် ဖျတ်ခနဲပဲ။

ဒါနဲ့ပြောပါတော့။ ဒသဃီရိဘီလူးခေါင်းပုံ တဂျီဂျီနဲ့။ ခွေးစိန်ဟာ လက်ထဲက မော်တာစုတ်နဲ့ တကယ့်ပန်းချီဆရာကြီးလား ကျလို့။ သိန်းရှံကျောပြင်မှာ ဖိလိုက်ဖော့လိုက်နဲ့ မင်ကြောင်ထိုးပေးနေတယ်။ ပရိသတ်ဆိုတာများ ငြိမ်ချက်ပေါ့။ ချောင်းကို မဟန့်ကြဘူး။ ကျုပ်မလည်း လက်ထဲက ခွေးစိန်ထည့်ပေးလိုက်တာကိုလည်း ဖြန့်ကြည့်ချင်လိုက်တာ ယားလို့။ အတွေ့အထိအရ တော့လည်း သိပ်မသေးတဲ့အတိုင်းအတာကို သိနေပြန်ရော။ သိန်းရှံကတော့ ရင်ကိုကော့လို့ ကျောပေးလျက် အနေတိုင်း ခါးပိုက်ထဲက ကွမ်းယာထုပ်ဖြည်ပြီး မြုံ့နေလိုက်သေးတော့။ အံ့စရာကောင်းတာက ခွေးစိန်ပဲ။ အပေါ်မှာ ချိတ်ထားတဲ့ သူ့မော်ဒယ် ဒသဃီရိကို တချက်ကလေး မော့မကြည့်ဘဲ အတွန့်တွေ၊ အတက်တွေ၊ အစွယ်တွေ ဆွဲနေလိုက်တာများ ပတ်ဝန်းကျင်ကို ဂရုစိုက်ဖို့မပြောနဲ့၊ အသားချင်းထိနေတဲ့ ကျုပ်ကိုတောင် သတိရပုံမပေါ်တော့ဘူး။ သူ့မျက်လုံး ပေမွေးကလေးနဲ့ စိတ်အေးလက်အေး ထိုးနှံပေးနေတယ်။ သိပ်မကြာလိုက်ဘူး။ သူ့ကျွမ်းကျင်မှုနဲ့ သူတော့လည်း ကျုပ်ထင်တယ် မိနစ် နှစ်ဆယ်လောက်ပဲကြာမယ်။ ပြီးသွားတယ်။ တချို့နေရာတွေမှာ သွေးစက်လက်စီးလို့၊ ခွေးစိန်ဟာ မင်စမင်နတွေနဲ့ သွေးတွေကို အဝတ်မည်းတစ်ခုနဲ့ ပွတ်တိုက်ပေးပြီး သူ့လက်ခုံကိုလည်း ဘယ်ပြန်ညာပြန်ပွတ်လို့၊ မော်တာကိုင်ထားတဲ့ သူ့လက်ကို ဆုပ်ချည် ဖြန့်ချည် လုပ်လိုက်လို့၊ ပြီးမှ ပရိသတ်ဘက်ဝေ့ကြည့်ပြီး ကျုပ်ဘက်လှည့်မေးလိုက်တယ်။ ဂုဏ်ယူဝင့်ကြွားတဲ့အသံနဲ့ –

"ဘယ့်နှယ်လဲ တူရဲ့မဟုတ်လား။ ကိုကြီးရွှေစီ တူမှတူတယ်ပြောနော"တဲ့။

မျက်လုံးပေမွေးကလေးနဲ့မေးလိုက်တယ်။

ဘေးကကြည့်တဲ့ပရိသတ်ကတော့လှုပ်လှုပ်လှုပ်လှုပ်နဲ့ပေါ့။ ဒါပေသည့်ကျုပ်တို့ရွာသားတွေနှုတ်နည်းကြသဟာလေ။ ဘာမှ ချီးသည်ခါးသည်မပြောကြဘူး။ ကျုပ်ကတော့အေးအေးပဲ။ ပွဲမစခင်ကတည်းကအဖြေသိပြီးသားကိုး။ မင်တစ်ချက်မှ မပျက်ဘူး။

"တူပါ့ဗျာ၊ သိန်းရှံရေ တူချက်ပဲမောင်၊ အပေါ်ကပုံနဲ့ တစ်ချက်မလွဲဘူး။ မင့်ဘီလူးကြည့်ရ ငါတောင်လန့်တယ်မောင်ရေ့"လို့ ပြောပြီး သိန်းရှံဆီက ကွမ်းတစ်ယာတောင်းမြုံ့နေလိုက်တယ်။ သိန်းရှံကလည်း ကျုပ်ယုံလို့မှ ဒိုင်ထားတာပဲ။ ကျုပ်ကတူတယ် လည်းဆိုရော သူ့ရှပ်အင်္ကျီတောင်းပြီး အိတ်ကပ်ထဲက ငွေထောင့်ငါးရာယူပြီး ခွေးစိန်ကို ပေးလိုက်တယ်။ ငွေရေးကြေးရေး အတွက်ကတော့ ဒီမောင်က မရှားဘူး။ ပြီးတော့ မင်ကြောင်ဆရာခွေးစိန်ကို လက်ဆွဲနှုတ်ဆက်လိုက်သေးတာ။ ပရိသတ်ကတော့ အဖြေသိရပြီဆိုမှပဲ ပွဲခွင်တခြိမ်းခြိမ်းဆီ ထွက်သွားကြရော။ သူတို့ဘယ်သူ့ဆီက အဖြေရသွားသလဲဆိုတာ သူတို့မှပဲသိမှာပဲ။ ကျုပ်ဆီကလား၊ သိန်းရှံကျောက ဘီလူးဆီကလား၊ ခွေးစိန်ရဲ့ အပေါ်လှန်ကြည့်တတ်တဲ့ မျက်လုံးပေမွေးလေး ဆီကလား။ တစ်ခုခုတော့ သိသွားကြမှာ သေချာတယ်။ သိန်းရှံကလည်း ကျောဟောင်းလောင်းနဲ့ ပွဲဆီအသွား ကျုပ်လည်း ဆိုင်ဘက်သုတ်ချေတင်ခဲ့တယ်။ ခွေးစိန် ဘယ်လိုနေခဲ့တယ်ဆိုတာ လှည့်ကြည့်မနေတော့ဘူး။

ခုတော့ဖြင့်ပွဲပြီးသွားတာတောင် လနဲ့ချီနေပါပြီ။ သိန်းရှံကလည်း ညနေညခင်းမှာ ကျောဟောင်းလောင်းနဲ့ လမ်းသလား နေရင် သူ့ကျောက ဘီလူးရုပ်က စိမ်းမှောင်လို့၊ တခြားထိုးထားတဲ့ သူ့ကိုယ်ပေါ်က အိမ်မြှောင်အမြီးနှစ်ခွတွေ၊ ကြယ်တွေ၊ နဂါးတွေနဲ့ ဟပ်လို့၊ ဘာဖြစ်တယ်လို့ မသိဘူး။ သိန်းရှံကျောက ဘီလူးရုပ်မြင်ရင် ကျုပ်ကိုယ်ကျုပ် ကျောမလုံသလိုကြီးရယ်။ ဘယ်သူမှ ဘာမှသာ မပြောကြတယ်။ ဘီလူးရုပ်က ကျုပ်ကို မျက်စေ့မှိတ်ပြလိုက်သလိုလို၊ နှုတ်ဆက်လိုက်မှာလိုလို ထင်မိတယ်။

ညီဘွား၊ ဆေးမင်ကြောင်ဘီလူး၊ ရွှေအမြုတေ၊ အောက်တိုဘာ (၂၀၀၁)



https://xtremepape.rs/

– စာရေးဆရာက ခွေးစိန်ကိုသရုပ်ဖော်ထားပုံ၏ ထိရောက်မှုကို ဝေဖန်ဆွေးနွေးပါ။

– စာရေးဆရာ၏ ပုံရိပ်များအသုံးပြုပုံနှင့် ထိရောက်မှုတို့ကို ဆွေးနွေးပါ။

– မည်သည့်နည်းများဖြင့် စာရေးသူက စာဖတ်သူများ၏ စိတ်ဝင်စားမှုကို ဆွဲကိုင်ထားနိုင်သနည်း။



https://xtremepape.rs/

၂။

## ဒိုင်ယာရီ

ငါ့ရဲ့ နံနက်ခင်းလေးဟာ
အတင်းအဖျင်းတွေကို တိုက်ခိုက်ရင်း
အနုပညာတွေ ကြီးပြင်းခဲ့တယ်။

ငါ့ရဲ့ နံနက်ခင်းလေးဟာ
ကမ္ဘာကြီးရဲ့ အသက်ရှူသံ မတည့်မတ်ခြင်းကို
နတ်မျက်စဉ်း ခတ်ကြည့်နေတယ်။

ငါ့ရဲ့ နံနက်ခင်းလေးဟာ
လမင်းလေးနဲ့ လက်ထပ်စာချုပ် ချုပ်ဖို့
သမုဒ္ဒရာရဲ့ သဘောတူလက်မှတ် လိုအပ်နေဆဲ။

ငါ့ရဲ့ နံနက်ခင်းလေးဟာ
ထမင်းစားစရာ ပါးစပ်မပါလို့
"ဆာတယ်" ပြောဖို့ မေ့နေရှာတယ်။

ဒါပေမဲ့
ငါ့ရဲ့ နံနက်ခင်းလေးကို
ဘဝသံသရာ သီချင်းတစ်ပုဒ်နဲ့
ရင်ဘတ်ထဲမှာ စိုက်ပျိုးခဲ့ဖူးလို့
သောကပန်းတွေ ဖူးပွင့်ကခုန်နေပုံက
အခုထိ ဆွတ်ခူး မကုန်နိုင်အောင်ပါပဲ။

နောင်ဝင်းထွန်း၊ ဒိုင်ယာရီ၊ သရဖူ၊ ဇန်နဝါရီ (၂၀၀၁)

– ကဗျာပါ အကြောင်းအရာနှင့် ကဗျာခေါင်းစဉ်တို့ ဆက်စပ်ပုံကို ဆွေးနွေးပါ။

– ကဗျာဆရာ၏ ပုံရိပ်များ အသုံးပြုပုံကို ဝေဖန်ဆွေးနွေးပါ။

– စာဆိုက မည်သည့်နည်းတို့ဖြင့် ၎င်း၏စိတ်အခြေအနေနှင့် ခံစားချက်များကို စာဖတ်သူများသိရန် တင်ပြထားသနည်း။

– နောက်ဆုံးစာပိုဒ်၏ အရေးပါပုံကို ဆွေးနွေးပါ။



https://xtremepape.rs/